**ဒေသန္တရစီမံကိန်း၊ အရအသုံးငွေစာရင်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီ ၏ မန္တလေး-မတ္တရာ ရွှေတချောင်းမြောင်းဘောင်လမ်း လုပ်ငန်းနှင့်ပတ် သတ်သောအစီရင်ခံစာတင်ပြခြင်း**

**နိဒါန်း**

၁။ အထက်ပါအကြောင်းအရာပါကိစ္စနှင့်ပတ်သတ်၍ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလ၊ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းဦးစီးဌာန၏ ရင်းနှီးမြုပ်နှံမှု အသေးစိတ်စာရင်း၌ မန္တလေး-မတ္တရာ ရွှေတချောင်းမြောင်းဘောင်လမ်းလုပ်ငန်းအတွက် လျာထားရန်ပုံငွေ ကျပ်(၆၅၉၁)သန်းနှင့် လမ်းအူကြောင်းတိုင်းတာခြင်း/ပုံထုတ်ခြင်းအတွက်ငွေ ကျပ်(၅.၈၄၃)သန်းလျာထား ဆောင်ရွက်မည်ဖြစ်ကြောင်း လေ့လာစိစစ်တွေ့ရှိရပါသည်။

၂။ အဆိုပါလုပ်ငန်း၏ ငွေပမာဏသည် မြေသားဘောင်တင်လုပ်ငန်းတစ်ခုတည်းကိုပင် (၁) မိုင်၏ ကုန် ကျစရိတ်မှာ ငွေကျပ်(၆၄၇)သန်း ကုန်ကျမည်ဖြစ်သောကြောင့် (၁)မိုင်၏ အသုံးစရိတ်မှာ လွန်စွာများပြား လျက်ရှိပါသည်။

၃။ ထို့ပြင် ၎င်းလုပ်ငန်းသည် တစ်နှစ်ထဲ ပြီးပြတ်အောင် ဆောင်ရွက်နိုင်မည့်လုပ်ငန်း မဟုတ်သည့်အပြင် နှစ်ဆက်၍ ဆောင်ရွက်ရမည်ဖြစ်နေသဖြင့် ဆက်လက်၍ ငွေကြေး ထပ်မံလျာထား တောင်းခံမှုများ ပြုလုပ် ရမည့် အခြေအနေကိုလည်း စိစစ်တွေ့ရှိရပါသည်။

၄။ အထက်ဖော်ပြပါ လုပ်ငန်းနှင့်ပတ်သတ်၍ ကော်မတီသို့ သက်ဆိုင်ရာဝန်ကြီးမှ လာရောက် ရှင်းလင်း တင်ပြခဲ့ရာ မူလက BOT စနစ်ဖြင့် တင်ဒါခေါ်ယူပြီးဖြစ်သော်လည်း ယင်း BOT စနစ်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်သည် ပျက်ပြယ်သွားသည်ဟု သိရပါသည်။ ထို့ကြောင့် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည်ဆိုပါက ပွင့်လင်းမြင်သာစွာ တင်ဒါအသစ်ပြန်လည် ခေါ်ဆိုသင့်ကြောင်းကို ကော်မတီမှ အကြံပြုတင်ပြအပ်ပါသည်။

၅။ ထိုကဲ့သို့ တင်ဒါအသစ် ကိုပြန်လည်ခေါ်ဆိုပါက ဘဏ္ဍာရန်ပုံငွေပိုလျှံလာနိုင်မှာဖြစ်ပြီး ၎င်းပိုလျှံ ဘဏ္ဍာရန်ပုံငွေကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်လမ်း/တံတားလုပ်ငန်းများ၌ ဦးစားပေး ထည့်သွင်းဆောင်ရွက်သင့်ပါကြောင်း ကော်မတီမှအစီရင်ခံစာ တင်ပြအပ်ပါ သည်။

ဥက္ကဋ္ဌ

ဒေသန္တရစီမံကိန်း၊အရအသုံးငွေစာရင်းနှင့်ဘဏ္ဍာရေးဆိုင်ရာကော်မတီ